# မာတိကာ


၁။ အမှာစာ ၆

၂။ ဇာတ်ကြောင်းတစ်မျိုးတည်းရဲ့ အန္တရာယ် - ဂျူး ၉
ဆွေးနွေးရန် မေးခွန်းများ ၄၁

၃။ ဖြစ်တည်မှုတစ်ခု ပေါင်းစပ်မှုအသွယ်သွယ် - မောင်မြင့်ဇော် ၄၃
ဆွေးနွေးရန် မေးခွန်းများ ၅၃

၄။ ကောဓါ ဘာကြောင့်သေရတယ် - ကိုတာ ၅၅
ဆွေးနွေးရန် မေးခွန်းများ ၆၀

၅။ ကျေးဇူးပြုပြီးတော့ဗျာ ကျွန်တော့်ကို ကျွန်တော့်နာမည်
အမှန်တွေနဲ့ ခေါ်ကြပါ - ကိုတာ ၆၃
ဆွေးနွေးရန် မေးခွန်းများ ၇၃

၆။ လူ၏ အမှတ်လက္ခဏာများ (ဝါ) မြားမြောင်သော
အိုင်ဒဲန်တတီများ - ကိုတာ ၇၅

၇။ ထောက်နုတ်ချက်များ ၇၉


## အမှာစာ

ရောင်စုံကမ္ဘာကို ကျွန်ုပ်တို့တောင့်တကြပါသည်။ စုံလင်ကွဲပြားမှုသည် လူ့အဖွဲ့အစည်း၏ အင်အားဟု ယုံကြည်ပါသည်။ တံတိုင်းတွေများလာသော လူ့အဖွဲ့အစည်းဖြစ်လာနေခြင်းကို ကျွန်ုပ်တို့ ပူပန်ကြပါသည်။

**သာသည့်မြေ**၏ ခွဲခြားဆက်ဆံမှု ပပျောက်ရေးအစီအစဉ်တွင် ပါဝင်ကြသည့် လူငယ်များအတွက် ဖတ်စရာစီစဉ်ရာမှ ယခုစာစုထွက်ပေါ် လာပါသည်။ လူတစ်ဦးချင်းစီ၏ စုံလင်သောဖြစ်တည်မှုများကို သိမြင်နိုင်ရန်၊ ခံစားနားလည်နိုင်ရန် ရည်ရွယ်ပါသည်။

ပထမဆုံးစာမှာ နိုင်ဂျီးရီးယားစာရေးဆရာမ Chimamanda Ngozi Adichie ၏ နာမည်ကျော် ဟောပြောချက်ကို ဆရာမဂျူးမှ ပြန်လည်တင်ပြထားခြင်းဖြစ်ပါသည်။ ယဉ်ကျေးမှုနယ်နမိတ်များကို ဖြတ်ကျော်သွားလာကာ ရှင်သန်နေသူတစ်ယောက်၏ ဖြစ်တည်မှုဆိုင်ရာ အတွေးများကို ဖတ်ရှုကြရပါမည်။

ဒုတိယဆောင်းပါးကို ရေးသူမှာ လက်ဘနွန်ဇာတိ ပြင်သစ် နိုင်ငံသား နာမည်ကျော် စာရေးဆရာ Amin Maalouf ဖြစ်ပါသည်။ လူတစ်ဦးချင်းစီ၏ ဖြစ်တည်မှုဟူသည် စုံလင်ကွဲပြားသော ဘဝဇာတ်ကြောင်းများ၏ အစုအစည်းဖြစ်သည်၊ ဇာတ်ကြောင်း တစ်ခုထဲသို့ သွတ်သွင်းလိုက် သောအခါ လူသား၏ အနက်အဓိပ္ပါယ် ပျောက်ဆုံးရသည့် သဘောကိုတွေ့မြင်ကြရပါမည်။



ကျန်ဆောင်းပါးများတွင် လူ့အဖွဲ့အစည်း၏ ကျဉ်းမြောင်းလာသော သိမှတ်ပုံဆိုင်ရာ ခံယူချက်များကြောင့် မငြိမ်းချမ်းနိုင်ကြရပုံများကို သိမြင်နားလည်ခွင့် ရပါလိမ့်မည်။ နိုဘယ်ဆုရစာရေးဆရာ အမာကြာရာဆင်း (Amartya Sen)၏စာများနှင့် ဗီယက်နမ်ဘုန်းတော်ကြီး သစ်နေ့ဟန်၏ စာများကို ဆရာကိုတာမှ ပြန်လည်တင်ပြထားခြင်းဖြစ်ပါသည်။

ဆောင်းပါးတစ်ခုချင်းစီအတွက် ဆွေးနွေးရန်၊ စဉ်စားရန်မေးခွန်းများကိုလည်း ထည့်သွင်းထားပါသည်။ ဖတ်ခြင်း၊ တွေးခြင်း၊ ဆွေးနွေးခြင်းများဖြင့် ရောက်စုံကမ္ဘာသို့ ဦးတည် လျှောက်လှမ်းနိုင်ကြရန် ဆန္ဒပြုလိုက်ရပါသည်။

မောင်မြင့်ဇော်